**တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အား အပ်နှင်းခြင်းနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၁၀၆/၂၀၂၄ အရ တီထွင်မှုမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့် ၂၀၂၄ ခုနှစ်၊ ဇွန် (၁) ရက်နေ့မှစ၍ ကျင့်သုံးရမည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာများနှင့် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်အပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈၉/၂၀၂၄)၊ (၆၉၀/၂၀၂၄)၊ (၆၉၁/၂၀၂၄)၊ (၆၉၂/၂၀၂၄) နှင့် (၆၉၃/ ၂၀၂၄) နှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၂၄) တို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

၁။ အမိန့်ကြော်ငြာစာအမှတ် (၆၈၉/၂၀၂၄) - တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၅ ပုဒ်မခွဲ(င) အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား အောက်ပါစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည် -

(က) ဥပဒေပုဒ်မ ၉၄ အရ မလွှဲမသွေပေးရမည့်လိုင်စင် ခွင့်ပြုပေးရန် တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ချက်အပါအဝင် ယင်းလိုင်စင် ခွင့်ပြုချက်နှင့်စပ်လျဉ်းသည့် အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ၊

(ခ) ဥပဒေပုဒ်မ ၉၄ အရ အေဂျင်စီ၏ အယူခံဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ၊

၂။ အမိန့်ကြော်ငြာစာအမှတ် (၆၉၀/၂၀၂၄) – တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၅ ပုဒ်မခွဲ(ဂ)အရ အောက်ဖော်ပြပါ တရားရုံးများအား ယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

( ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

( ဂ) ခရိုင်တရားရုံးများ

၃။ အမိန့်ကြော်ငြာစာအမှတ် (၆၉၁/၂၀၂၄) – တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၅ ပုဒ်မခွဲ (ဃ) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများက တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာ စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ အမိန့်ကြော်ငြာစာအမှတ် (၆၉၂/၂၀၂၄) – တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၅ ပုဒ်မခွဲ(ဂ)အရ ကျောက်တံတားခရိုင်တရားရုံးအား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမမူလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) တီထွင်မှုမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊

(ခ) တီထွင်မှုမူပိုင်ခွင့် ဥပဒေပုဒ်မ - ၄၂ ပုဒ်မခွဲ (ဃ) အရ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူ၏ လျော်ကြေးနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၆ ပုဒ်မခွဲ(က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများ။

၅။ အမိန့်ကြော်ငြာစာအမှတ် (၆၉၃/၂၀၂၄) – တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၅ ပုဒ်မခွဲ(ဃ)အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်၊ အမိန့် နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၆။ အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၂၄) – တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၁၉ ပုဒ်မခွဲ (က) အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။